# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၆၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၃)ရက်မြောက်နေ့ကို နံနက် ၁၀း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၆၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၃)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၂) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၁ ရက်၊

(၃) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၄) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

## မူကြမ်း

(၅) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၆) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၆ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း ခွင့် ၁ ရက်၊

(၈) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၉) မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ခွင့် ၄ ရက်၊

(၁၀) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၁၁) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်နှင့်

(၁၂) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြိုယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကြာအင်းတောင်ကျေးရွာ ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကြာအင်းတောင်ကျေးရွာ ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံတစ်ခုအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကြာအင်းတောင်ကျေးရွာဟာဆိုလို့ရှိရင် စစ်တွေ-ရန်ကုန်ကားလမ်းမကြီးပေါ်မှာတည်ရှိပြီးတော့ အစိုးရအထက်တန်းကျောင်း၊ ကျန်းမာရေးဌာနတွေနဲ့ စည်ကားတဲ့ရွာကြီးတစ်ရွာဖြစ်ပါတယ်။ အဲဒီရွာကို မှီပြီးတော့ ကျေးရွာအုပ်စု ၁၀ အုပ်စု၊ ကျေးရွာပေါင်း ၄၀ ရွာကနေပြီးတော့ တစ်ဆက်တစ်စပ်တည်း တည်ရှိပါတယ်။ အဲဒီနေရာမှာ ကျန်းမာရေးဌာနကို ကျန်းမာရေးတိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးလိုက်မယ်ဆိုရင် အဲဒီဒေသရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဟာ အထူးကောင်းမွန်လာမှာဖြစ်ပါတယ်။ ရေလမ်းအားဖြင့် မြေပုံမြို့ဆေးရုံကိုလာမယ်ဆိုရင် နှစ်နာရီကနေ ငါးနာရီအတောအတွင်း ကြာမြင့်ပါတယ်။ အဲဒီအချိန်အတောအတွင်းမှာ အရေးပေါ်ဆေးကုသခံမယ့် လူနာတွေလည်း အသက်ဆုံးရှုံးတာတွေ အများကြီးကြုံတွေ့ရပါတယ်။ တကယ်လို့သာ အဲဒီဟာကို အဆင့်မြှင့်တင်ပေးလိုက်မယ်ဆိုရင် အဲဒီကားလမ်းတောက်လျှောက်အပြင် မြင်းပြားမြို့နယ်မြောက်ဘက်ခြမ်း၊ အမ်းမြို့နယ်တောင်ဘက်ခြမ်းက ကျေးရွာတွေကလည်း အဲဒီကြားမှာ မြင်းပြားနဲ့ အမ်းမြို့ကြားမှာ တိုက်နယ်ဆေးရုံတစ်ခုမှမရှိတဲ့အတွက် အဲဒီနေရာကိုလာပြီးတော့ ဆေးကုသနိုင်တဲ့အတွက် ပိုပြီးတော့အဆင်ပြေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီရွာတွေနဲ့ပတ်သက်ပြီးတော့ အချိန်မရွေး အချိန်တိုအတွင်းမှာ သွားရောက်ဆေးကုသနိုင်အောင် ကျွန်တော်တို့မြို့နယ်ရဲ့ ကျန်းမာရေးဝန်ဆောင်မှုကိုကောင်းနိုင်အောင် ဒီဒေသမှာ ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံတစ်ခုအဖြစ် တိုးမြှင့်ပေးမယ်ဆိုရင် အဆင်ပြေမှာမို့လို့ ဒီမေးခွန်းကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း

ရခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကြာအင်းတောင်ကျေးရွာရှိ ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်တိုးပေးနိုင်ခြင်းရှိ/မရှိ သိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ဖြေဆိုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆေးရုံ၊ ဆေးခန်းများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို နှစ်စဉ်ရရှိတဲ့ဘဏ္ဍာငွေအပေါ် မှာမူတည်ပြီး စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကြာအင်းတောင်ကျေးရွာအုပ်စုအား ကျေးရွာပေါင်း ၂၇ ရွာ၊ လူဦးရေ ၂၀၀၀၀ ကျော်ခန့်ရှိပြီး မြင်းပြားမြို့နှင့် ၂၂ မိုင်ကွာဝေးသဖြင့် ကြာအင်းတောင်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကြာအင်းတောင်ကျေးရွာကို တိုက်နယ်ဆေးရုံမြှင့်တင်ဖို့အတွက်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှာ စီမံကိန်းနှင့် ဖွံ့ဖြိုးပုံစိစစ်ရေးအဖွဲ့ကို တင်ပြထားပြီးဖြစ်ပါတယ်။ မြေပုံမြို့နယ်၊ ကြာအင်းတောင်ကျေးရွာအပြင်ကို ငါးပတုံကျေးရွာမှာပါ တိုက်နယ်ဆေးရုံတိုးမြှင့်ရေးအတွက် ကျွန်တော်တို့ နှစ်ခု တင်ပြထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပေါက်မြို့နယ်၊ မျှားပိုင်ကျေးရွာအုပ်စုအတွင်း ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ-၂၄) တည်ဆောက်ခဲ့သည့်အတွက် သိမ်းဆည်းခဲ့သည့် စိုက်ပျိုးမြေများအား ထိုက်သင့်သည့်လျော်ကြေးပေးရန်နှင့် မြေစာရင်းပုံစံ(၇)ရရှိပြီး၍ တောင်သူများလက်ရှိစိုက်ပျိုးမြေများအတွင်း စက်ရုံနယ်နိမိတ်အဖြစ် သတ်မှတ်စိုက်ထူခဲ့သော အုတ်တိုင်များကို ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကာကွယ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်သည့်မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ မျှားပိုင်းကျေးရွာအုပ်စုအတွင်းမှာ ၂၀၀၉ ခုနှစ်ကစတင်ပြီး ကာကွယ်ရေးပစ္စည်း(ကပစ-၂၄) တည်ဆောက်ရန် ထိုကျေးရွာမှာရှိတဲ့ ဒေသခံတောင်သူများရဲ့ စိုက်ပျိုးမြေဧကပေါင်း ၃၄၀၀ ကျော်နှင့် အခြားမြေအမျိုး အစားအပါအဝင် စုစုပေါင်းမြေဧက ၄၀၀၀၀ ခန့်တို့ကို သိမ်းဆည်းခံခဲ့ရပါတယ်။ ထိုသို့သိမ်းဆည်းခံရမှုနှင့်ပတ်သက်ပြီး စိုက်ပျိုးမြေတစ်ဧကလျှင် ၅၀၀၀ ကျပ်ပေးလျော်ခဲ့မှုကြောင့် တောင်သူများ၏ စားဝတ်နေရေးနှင့် ဘဝရပ်တည်နိုင်ရေးတို့အတွက် အခက်အခဲမျိုးစုံနဲ့ရင်ဆိုင်ရပါတယ်။ ထိုကဲ့သို့ သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်က လယ်ယာမြေနှင့် အခြားမြေစုံစမ်းရေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ ကော်မရှင်အဖွဲ့ခွဲငယ်မှ ဖော်ပြခဲ့တဲ့ တောင်သူများရဲ့စိုက်ပျိုးမြေများနဲ့ အခြားမြေများအပေါ်မှာ စုံစမ်းဖော်ထုတ်ခဲ့ရာ သိမ်းဆည်းမြေများမှာ လိုအပ်သည်ထက်ပို၍ သိမ်းဆည်းထားသည်ကို တွေ့ရှိရကြောင်း၊ အသုံးမပြုဘဲ ပိုနေသည့်မြေများကို လိုအပ်နေသည့်တောင်သူများထံ ပြန်လည်ပေးအပ်သင့်ကြောင်း၊ သိမ်းဆည်းစဉ်က ပေးလျော်ခဲ့တဲ့မြေတစ်ဧက ၅၀၀၀ မှာ လွန်စွာနည်းလွန်း၍ ကာလတန်ဖိုးနှင့်ကွာဟခြင်းကြောင့် ကာလတန်ဖိုးနှင့်အညီ ပေးလျော်သင့်ကြောင်းနှင့် သိမ်းဆည်းခံတောင်သူများတွင် နစ်နာမှုများရှိနေသည်ကို ဆောင်ရွက်ပေးသင့်ကြောင်း ကော်မတီ၏အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြပြီး လွှတ်တော်တွင်လည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။

**မူကြမ်း**

သို့သော်လည်း ယင်းကိစ္စအပေါ် မည်သို့မှဆောင်ရွက်မှုမရှိသင့်အပြင် မကြာသေးမီကာလက စက်ရုံနယ်နိမိတ်ဧရိယာပြ သတ်မှတ်စိုက်ထူခဲ့သော အုတ်တိုင်အသစ်များမှာ ယခင်မြေစာရင်းဌာနတို့နှင့် ညှိနှိုင်းသတ်မှတ်ခဲ့တဲ့ စက်ရုံမြေဧရိယာထက်ပိုနေပြီး မြေစာရင်းပုံစံ(၇)ရရှိပြီးသော တောင်သူများ၏ စိုက်ပျိုးမြေများအတွင်းကိုပင် ရောက်ရှိနေပါတယ်။ ထို့ကြောင့် ဒေသခံတောင်သူများဟာ သိမ်းဆည်းခံစိုက်ပျိုးမြေများအတွက်၊ ယခင်မြေများအတွက် မြေလည်းပြန်မရ၊ ငွေလည်းထပ်မရဖြစ်နေရတဲ့အပြင် ပုံစံ(၇)ကျပြီး လက်ရှိစိုက်ပျိုးမြဲမြေများအတွင်းကိုပင် စက်ရုံနယ်နိမိတ်ကျောက်တိုင်အသစ်များ စိုက်ထူခံနေရခြင်းကြောင့် တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်နေရပါတယ်။ သို့သော်လည်း ဖြူစင်ရိုးသားတဲ့ဒေသခံတောင်သူများက သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး နိုင်ငံတော်က အနာဂတ်နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးအတွက်လိုအပ်၍ သိမ်းဆည်းခြင်းဖြစ်လောက်သည်ဟု ယူဆ၍လည်းကောင်း၊ နိုင်ငံတော်မှ အချိန်တန်လျှင် သိမ်းဆည်းမြေများအပေါ် နစ်နာမှုမရှိအောင် ကူညီဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်လင့်ယုံကြည်နေကြပါတယ်။

သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ် မျှားပိုင်ကျေးရွာအုပ်စုအတွင်း တည်ဆောက်ခဲ့သည့် ကာကွယ်ရေးပစ္စည်းစက်ရုံ(ကပစ-၂၄) သိမ်းဆည်းခဲ့သည့်မြေများနှင့်ပတ်သက်ပြီး မေးမြန်းလိုသည်မှာ (၁) ဖော်ပြခဲ့သည့် ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေသိမ်းဆည်းခံရခြင်းအပေါ် ထိုက်သင့်သည့်လျော်ကြေးများ ထပ်မံဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မရှိပါက အဘယ်ကြောင်းနည်း။ (၂) မြေစာရင်းပုံစံ(၇) ရရှိပြီးတောင်သူများ လက်ရှိစိုက်ပျိုးမြေအတွင်း စက်ရုံနယ်နိမိတ်အဖြစ် သတ်မှတ်စိုက်ထူခဲ့သော အုတ်တိုင်အသစ်များအပါအဝင် စက်ရုံဧရိယာကို ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ပြောင်းရွှေ့ သတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မရှိပါက အဘယ်ကြောင်းနည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးကိုယ်စား ယနေ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဦးခင်မောင်ညိုရဲ့ ပေါက်မြို့နယ်၊ မျှားပိုင်ကျေးရွာအုပ်စုအတွင်း တည်ဆောက်ခဲ့တဲ့ အမှတ်(၂၄) ကာကွယ်ရေးပစ္စည်းစက်ရုံတည်ဆောက်ခဲ့ခြင်းကြောင့် သိမ်းဆည်းခဲ့သည့် စိုက်ပျိုးမြေများအား ထိုက်သင့်သောလျော်ကြေးပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည့်သည့် အချိန်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် မြေစာရင်းပုံစံ(၇)ရရှိပြီး တောင်သူများ လက်ရှိစိုက်ပျိုးမြေအတွင်း စက်ရုံနယ်နိမိတ်အဖြစ် သတ်မှတ်စိုက်ထူခဲ့သော အုတ်တိုင်များကို ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်လို့ ဖြေကြားသွားမှာပဲဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ အမှတ်(၂၄) ကာကွယ်ရေးပစ္စည်းစက်ရုံ၏ တပ်ပိုင်မြေသိမ်းဆည်းခြင်းတွင် ဦးပိုင်ပေါက်မြေ လယ်မြေ ၁၃၁ ဧက၊ ယာမြေ ၃၀၆၆ ဧကနှင့် ကိုင်းကျွန်းမြေ ၂၀၇ ဧက စုစုပေါင်း ၃၄၀၄ ဧကကိုသိမ်းဆည်းခဲ့ပြီးတော့ မြေလျော်ကြေးငွေ ၁၇၄၂၁၆၇၂ ကျပ် ပေးလျော်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ ပေးလျော်ခဲ့ပြီးဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းမရှိတဲ့နေရာများနှင့် စက်ရုံများ၏ လုံခြုံရေးမထိခိုက်သောနေရာများရှိ လယ်ယာမြေ ၂၈၁၈.၁၆ ဧကကို ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများ ငွေကြေးတစ်စုံတစ်ရာရယူခြင်းမရှိဘဲ အခမဲ့ နှစ်စဉ်စိုက်ပျိုး လုပ်ကိုင်စေလျက်ရှိသဖြင့် ထပ်မံလျော်ကြေးပေးရန် အစီအစဉ်မရှိပါဘူး။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ အမှတ်(၂၄) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ စက်ရုံမှူးဟာ ပေါက်မြို့နယ်၊ မြေစာရင်းဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ စက်ရုံနယ်နိမိတ်အဖြစ် သတ်မှတ်စိုက်ထူခဲ့သည့် အုတ်တိုင်များအား မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာမှာ တပ်ပိုင်မြေအတွင်းပါဝင်ခဲ့သည့် လယ်မြေ ၈.၂၁ ဧက၊ ယာမြေ ၁၅၁.၅၄ ဧက၊ ကိုင်းမြေ ၂၈.၅၉ ဧက စုစုပေါင်း ၁၈၈.၃၄ ဧကဟာ မြို့နယ်မြေစာရင်းဦးစီးဌာန၏ မှားယွင်းမှုကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး စက်ရုံနယ်နိမိတ်ကျောက်တိုင်များမှာ မှားယွင်းမှုမရှိပါသဖြင့် သက်ဆိုင်ရာ မြေယာစီမံခန့်ခွဲမှုကော်မတီနှင့်ညှိနှိုင်း၍ ပြန်လည်ပယ်ဖျက်ရေးကို ဆက်လက်ဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။ စက်ရုံ၏လုံခြုံရေးမထိခိုက်တဲ့နေရာများမှာ တောင်သူများကို အခမဲ့စိုက်ပျိုးခွင့်ပေးထားသောကြောင့် တပ်နယ်နိမိတ်ကျောက်တိုင်များကိုလည်း ပြန်လည်ပြင်ဆင်ရွှေ့ပြောင်းပေးရန် အစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးမြန်းခွင့်ပြုပါ။ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားသွားတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ဒီမှာမြေစာရင်းပုံစံ(၇)ကို မြို့နယ်မြေစာရင်းဌာနက မှားယွင်းတယ်လို့ ဖြေကြားသွားတာ တွေ့ရပါတယ်။ ဒီလိုမြေစာရင်းပုံစံ(၇)တွေကို ထုတ်ပေးမယ်ဆိုရင် မြို့နယ်မြေစာရင်းဌာနတွေက သေချာစွာစစ်ဆေးပြီးမှသာ ထုတ်ပေးရသည်ဖြစ်သောကြောင့် တောင်သူများဟာ မြေစာရင်းပုံစံ (၇)၊ ဒီလုပ်ကိုင်ခွင့်ပုံစံ (၇) လည်းရရှိပြီးကာကျမှ ဒီကာကွယ်ရေးပစ္စည်းစက်ရုံက ပြန်လည်သိမ်းယူခဲ့တယ်ဆိုတာရော ဥပဒေနဲ့ညီညွတ်မှုရှိ/မရှိ ဒါလေးလည်း သိလိုပါတယ်။ နောက်တစ်ခါကျတော့ သိမ်းဆည်းမြေများနဲ့ပတ်သက်ပြီး အသိမ်းဆည်းခံတောင်သူတွေအပေါ်ရော ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ အခြားတစ်နည်းနည်းနဲ့ရော ထပ်မံကူညီဖို့ အစီအစဉ်များရှိ/မရှိ ဒါလေးကိုသိလို၍ ဖြေကြားပေးပါရန် မေးမြန်းအပ်ပါတယ်။

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။လက်ရှိကတော့ ကျွန်တော်တို့ပြန်လည်ပြီးတော့ တိုင်းတာတဲ့အခါမှာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်နေ့မှာ ကျွန်တော်တို့ ဖြေကြားတဲ့ထဲမှာပါပြီးပါပြီ။ အမှတ် (၂၄) ကာကွယ်ရေးပစ္စည်း စက်ရုံ၊ စက်ရုံမှူးလည်းပါပါတယ်။ နောက်ပေါက်မြို့နယ်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများပါတဲ့အတွက် ဒီဟာကို ကျွန်တော်တို့ တပ်မြေအဖြစ်ပဲ ကျွန်တော်တို့ဘက်ကတော့ မှားယွင်းမှုမရှိဘူးဆိုတာ ပြန်လည်ပြီးတော့ လုပ်ကိုင်ထားပါတယ်။ ဒါနဲ့လည်း ကျွန်တော်တို့ လိုအပ်တဲ့ ဥပဒေအရ ပြန်လည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခြားပိုင်းကတော့ ကျွန်တော်တို့ လောလောဆယ်ဖြေကြားရန်မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။မြေသိမ်းဆည်းမှုတွေနဲ့ ပတ်သက်ပြီးတော့ အမျိုးမျိုးဒွိဟတွေ ဖြစ်နေရတဲ့ကြားထဲမှာ တပ်မတော်က သိမ်းယူတာမှန်ပါတယ်။ အခြေအနေလည်း အကုန်လုံးမှန်ပါတယ်။ သို့သော်လည်း မြေစာရင်းဦးစီးဌာနရဲ့ မြေပုံစံ(၇) ထုတ်ပေးတဲ့ဟာ မှားယွင်းစွာထုတ်ပေးတယ် ဆိုတာကတော့ ကြားရတာကလည်း သိပ်တော့မကောင်းပါဘူး။ သက်ဆိုင်ရာဌာနတွေအနေနဲ့လည်း ဒီလိုမျိုးမှားယွင်းတယ်ဆိုရင် အားလုံးယုံကြည်မှုတွေလည်း နည်းနည်းကင်းကွာလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တတ်နိုင်လို့ရှိရင် သက်ဆိုင်ရာမြေစာရင်းတွေနဲ့ညှိနှိုင်းပြီးတော့ မှန်မှန်ကန်ကန်ဆောင်ရွက်ပေးဖို့လည်းပဲ တစ်ဆင့်ညွှန်ကြားပေးဖို့အတွက် ကျွန်တော် အကြံပေးလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**မိုးမောက်မြို့နယ်၊ နောင်ကွမ်ကျေးရွာအုပ်စုရှိ တောင်သူ ၁၂ ဦး၏ လယ်ဧက ၆၇ ဧကခန့်ကို အမှတ် (၃၇၀) အမြောက်တပ်ရင်းမှ သိမ်းယူထားရာ ပိုလျှံလယ်မြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား ပြန်လည်လွှဲအပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(မိုးမောက်မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်းဖြစ်ပါတယ်။ ယခုမေးမြန်းရတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ လယ်ယာကော်မရှင်က မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇) ခုမှာ ကျွန်တော်တို့ ကချင်ပြည်နယ်ပဲ ကျန်နေတဲ့အတွက်ကြောင့်မို့လို့ ယခုလို မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် နောင်ကွမ်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၁၄၀)ဧရိယာတွင် ယခင် အမှတ်(၄၃၈) ခြေမြန်တပ်ရင်းက ၁၉၉၅ ခုနှစ်တွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုပြီး သိမ်းဆည်းရာ နောင်ကွမ်ကျေးရွာနေ တောင်သူ ၁၂ ဦး၏ လယ်ဧက ၆၇ ဧကခန့် သိမ်းဆည်းခံခဲ့ရပါတယ်။ ထိုသိမ်းဆည်းခံလယ်မြေများသည် ယခင်ဘိုးဘွားလက်ထက်ကတည်းက လုပ်ကိုင်စားသောက်ခဲ့ပြီး သက်သေခံလယ်မြေပြေစာများလည်း ရှိကြပါတယ်။ ၎င်းမြေများအား မိုးမောက်မြို့နယ် မြေစာရင်းဌာနမှတာဝန်ရှိသူများ စစ်ဆေးတွေ့ရှိချက်အရ ယခုအမှတ်(၃၇၀)အမြောက်တပ်ရင်းသည် သိမ်းဆည်းထားတဲ့ လယ်မြေဧရိယာမှာ ၆၁၇ ဧကရှိကြောင်း အခြားတပ်ရင်းများထက် ပိုမိုသိမ်းဆည်းထားသည်ကို တွေ့ရှိရပြီး နောင်ကွမ်ကျေးရွာအုပ်စု လူနေအိမ်များနှင့် ပေ ၅၀ ခန့်သာကွာရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ယခုအမှတ်(၃၇၀)အမြောက်တပ်ရင်းမှ သိမ်းယူထားသော ပိုလျှံလယ်မြေ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား သက်ဆိုင်သည့် နောင်ကွမ်ကျေးရွာမှ တောင်သူလယ်သမားများအား ပြန်လည်လွှဲအပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ** ။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အတွက် ဒုတိယမေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထွန်း၏ မေးခွန်းနှင့် ပတ်သက်လို့ ပြန်လည်ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ ၁၉၉၆ ခုနှစ်မှာ အမှတ်(၄၃၈)ခြေမြန်တပ်ရင်းတည်ဆောက်ခဲ့တဲ့ မြေနေရာဖြစ်ပြီးတော့ မြေသိမ်း ဆည်းရေးဆောင်ရွက်မှုအနေဖြင့် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် နောင်ကွမ်ကျေးရွာ ကွင်းအမှတ်(၁၄၀) နောင်ကွမ်ရွာမှ မြေလွတ်၊ မြေလပ် ၅၈၀ ဧကနှင့် မိုးမောက်မြို့ နောင်ကွမ်ရွာမှ ကွင်းအမှတ်(၁၄၀) ကွင်းအမှတ် ရွာမှဦးပိုင်အမှတ်၊၂/၁၄/၁၈ (က)+၂၅/၁၈/၁၉မှ၂၈ ထိ လယ်မြေ ၃၇ ဧက စုစုပေါင်းမြေ ၆၁၇ ဧကတို့အား တပ်ပိုင်မြေအဖြစ် သိမ်းဆည်းခဲ့ပြီး ပြည်ထဲရေးဝန်ကြီး ဌာန၏ မြေပေးမိန့်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ တပ်ပိုင်မြေသိမ်းဆည်းရာမှာပါဝင်ခဲ့တဲ့ ဦးပိုင်ပေါက် လယ်မြေ ၃၇ ဧကမှာလည်း တပ်ပိုင်မြေသိမ်းဆည်းစဉ်က မူလမြေပိုင်ရှင် ၆ ဦး၏ သဘောတူညီ ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးထားခဲ့ပြီး မှန်ကန်ကြောင်းမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဝင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနတို့၏ လက်မှတ်များဖြင့် ထောက်ခံတင်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရ ပါတယ်။ အမှတ်(၄၃၈)ခြေမြန်တပ်ရင်း၏ တပ်ပိုင်မြေ ၆၁၇ ဧကအား ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှာ အမှတ်(၃၇၀)အမြောက်တပ်ရင်းဖွင့်လှစ်ရန် လွှဲပြောင်းပေးအပ်ခဲ့ပြီး လက်ရှိအချိန်မှာ အဆိုပါလယ်မြေ ၃၇ ဧကကို တပ်မိသားစု စိုက်ပျိုးမွေးမြူရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် တပ် အဆောက်အအုံနှင့် လုံခြုံရေးအရ လွတ်ကင်းမှုမရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ဒီတပ်ပိုင် မြေသိမ်းဆည်းစဉ်က တောင်သူများ၏ သဘောတူညီချက် လက်မှတ်ရေးထိုးထားခြင်း၊ ပြည်ထဲရေး ဝန်ကြီးဌာန၏ မြေပေးမိန့်များရရှိခြင်းဖြစ်ပြီး တပ်မှလက်ရှိအသုံးပြုလျက်ရှိတဲ့အဆောက်အအုံနှင့် လုံခြုံရေးအရ လွတ်ကင်းမှုမရှိကြောင်း တွေ့ရှိရတဲ့အတွက် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိကြောင်း တင်ပြ အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးဇော်ထွန်း(မိုးမောက်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေအရ ကျွန်တော် ကို တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ဒုတိယဝန်ကြီးဖြေသွားတာ ကျေးဇူးတင် ပါတယ်။ အခု ကျွန်တော်တို့ ဒီသိမ်းဆည်းထားတဲ့ လယ်တွေယာတွေကို တပ်ကနေမှ လုပ်ကိုင်

စားသောက်နေတာကို ဖြေကြားသွားတာကို တွေ့ရပါတယ်။ ဖြစ်စဉ်အမှန်က တပ်မိသားစုလုပ်ကိုင်စားသောက်နေတာ မဟုတ်ပါဘူး။ သက်ဆိုင်ရာတောင်သူကိုပဲ သီးစားချပြီးမှ လုပ်ခိုင်းတာဖြစ်ပါတယ်။ ယခု မေးခွန်းမေးမြန်းတဲ့အချိန်မှာ ဒီနှစ်မှာပေါ့ လုံးဝစိုက်ခွင့်မပြုတော့ပါဘူး။ တောင်သူတွေတောင်ကျွန်တော့်ဆီကို တင်ပြလာပါတယ်။ ယခုမစိုက်ရလို့ရှိရင်တော့ ဒီမြေ ၆၇ ဧကဟာ စပါးတစ်ထောင်ဝန်းကျင်လောက် ဆုံးရှုံးသွားပြီလို့ တင်ပြလာတဲ့အတွက်ကြောင့်မို့လို့။ ယခု ကျွန်တော်မေးမြန်းလိုတာကတော့ ဒီပိုလျှံလယ်မြေကိစ္စကို အတတ်နိုင်ဆုံးညှိနှိုင်းပြီး ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြန်လည်ပြီးတော့ မေးတဲ့မေးခွန်းနဲ့ပတ်သက်ပြီးလို့ ပြန်လည်ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ တပ်ပိုင်းဆိုင်ရာကတော့ သီးစားချခွင့်မပေးထားပါဘူး။ တကယ်လို့ ဒီကိစ္စနဲ့ပတ်သက်လို့ မရှင်းလင်းဘူး။ အခုနကပြောတဲ့ အချေအတင်အဖြစ်မှန်ဖြစ်တယ်ဆိုရင် ကျွန်တော်တို့ဆီပြန်ပြီးတော့ စာရေးတင်ပြနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သီပေါမြို့နယ်၊ မိုးတေကျေးရွာအုပ်စု၊ နောင်သကြားကွင်းတွင် တည်ရှိသည့် လယ်မြေဧက ၂၀ ခန့်နှင့် တောင်ယာဧက ၂၀ ခန့်တို့ကို ၁၉၉၅ ခုနှစ်က (၅၀၃)တပ်ရင်းမှ သိမ်းယူသွားခဲ့သဖြင့် မည်သည့်အချိန်တွင် ပြန်လည်စွန့်လွှတ်မည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ယခု မေးခွန်းကတော့ အမှတ် (၅၀၃)ခြေမြန်တပ်ရင်းက သိမ်းယူထားခဲ့တဲ့ လယ်ယာမြေများ ပြန်လည်စွန့်လွှတ်ရေးနှင့်ပတ်သက်ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလက မေးမြန်းခဲ့တဲ့ မေးခွန်းဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သီပေါမြို့နယ်၊ မိုးတေကျေးရွာအုပ်စု၊ နောင်သကြားကွင်းမှာတည်ရှိတဲ့ တောင်သူ နန်းရွက်ထွေး၊ ဦးအိုက်ပို၊ ဦးထွန်းကြည်၊ ဦးရွှေအေး၊ ဦးရင်ကွမ်းရုံ၊ ဦးလောဝ်ဟွမ်တို့အမည်များနဲ့ လုပ်ကိုင်ခဲ့တဲ့ လယ်မြေ ၂၀ ဧကခန့်နဲ့ တောင်ယာ ၂၀ ဧကခန့်တို့ဟာ ၁၉၅၅ ခုနှစ်လောက်က အမှတ် (၅၀၃)ခြေမြန်တပ်ရင်းက သိမ်းယူသွားတာကို ခံခဲ့ရပါတယ်။ ယခုအခါ တခြားသောဒေသများမှာ တပ်မတော်ကသိမ်းပိုက်ထားတဲ့လယ်ယာမြေများကို မလိုအပ်ပါက မူလ

ပိုင်ရှင်များကို ပြန်လည်ပေးအပ်နေပြီဖြစ်တာကို သိရှိထားတဲ့ပိုင်ရှင်များက စာရွက်စာတမ်း အထောက်အထားများကို ယူဆောင်လာကြပြီး အဲဒီကိစ္စကိုဆောင်ရွက်ပေးပါရန် ကျွန်တော်ကို ပြောကြားကြပါတယ်။ အဆိုပါ နေရာဟာ သီပေါ-နမ္မတူကားလမ်းမကြီးနံဘေး၊ အမှတ်(၅၀၃)ခြေမြန် တပ်ရင်းဧရိယာရဲ့တောင်ဘက် မာန်ကောင်း ဂေါ်ဒန်ကျောက်ထုတ်စခန်းကိုသွားရာလမ်းနဲ့ ပန်နေရွာ ကို သွားရာလမ်းအကြားမှာတည်ရှိပြီး တပ်၏ဧရိယာနဲ့လည်း တစ်သီးတခြားစီတည်ရှိပါတယ်။ အဆိုပါလယ်ယာမြေများကိစ္စကို သက်ဆိုင်ရာတပ်ရင်းရုံးကို သွားရောက်မေးမြန်းစုံစမ်းတဲ့အခါ မူလ ပိုင်ရှင်များလက်ကို ပြန်လည်လွှဲ ပြောင်းပေးဖို့ အထက်ကိုတင်ပြထားတယ်လို့ သိရှိရတဲ့အတွက် စိုက်ပျိုးချိန်အမီ မူလပိုင်ရှင်တောင်သူလယ်သမားများထံ ပြန်လည်စွန့်လွှတ်ပေးနိုင်ရေးအတွက် မည်သည့်အချိန်တွင် ပြန်လည်စွန့်လွှတ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းရဲ့မေးခွန်းနဲ့ပတ်သက်လို့ ပြန်လည် ဖြေကြားရမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်၏မေးခွန်းပါ မြေနေရာသည် ကျွန်တော်တို့ အမှတ် (၅၀၃)ခြေမြန်တပ်ရင်း၏ တပ်ပိုင်မြေ ၉၆၂.၆၇ ဧက အတွင်းပါဝင်ခဲ့ပြီးတော့ တပ်မြေသိမ်းဆည်းစဥ် ဦးပိုင်ပေါက် လယ်မြေ ၅၃.၉၂ ဧကနှင့် ခြံမြေ ၈.၀၆ ဧကတို့ကို မြေနှင့်သီးနှံလျော်ကြေးငွေများအား ဦးပိုင်ပေါက်တောင်သူ ၂၃ ဦးသို့ လျော်ကြေးပေးခဲ့တဲ့အပြင် ၁၉၉၄-၁၉၉၆ ခုနှစ် ပြည်ထဲရေးဝန်ကြီး ဌာန၏အမိန့်များအရ စုစုပေါင်း ၉၆၂.၆၇ ဧကအတွက် ပြည်ထဲရေးအမိန့်များ ရရှိပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏မေးခွန်းပါ လယ်မြေနှင့်တောင်ယာ ၄၀ ဧကဟာ ကျွန်တော်တို့ ပြန်လည် တွက်ချက်စိစစ်ချက်အရ အမှတ် (၅၀၃) ခြေမြန်တပ်ရင်း၏ တပ်ပိုင်မြေ ၉၆၂.၆၇ ဧကအတွင်း ပါဝင်ခဲ့ သော်လည်း အဆိုပါနေရာဟာ ဂေါ်ဒန်ကျောက်ထုတ်လုပ်ရေးသို့ သွားရောက်သည့် ကျောက်ခင်းလမ်း ၏ တစ်ဘက်တွင်ရှိနေခြင်းကြောင့် ပြန်လည်စွန့်လွှတ်ပေးသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်အောင်မြို့နယ်တွင် တပ်မတော် ခလရ(၅၁)မှ သိမ်းယူ ထားသော မြန်အောင်မြို့အဝင်လမ်းဘေးရှိ လယ်ဧက ၂၀ နှင့် ထန်းပင် ၁၃၀ ကို မူလပိုင်ရှင်တောင်သူလယ်သမားများထံသို့ ပြန်လည်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြင့်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးသောဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဟင်္သာတမြို့ကနေပြီးတော့ မြန်အောင်မြို့ကိုလာတဲ့ ကားလမ်းမကြီးဘေး မြို့အဝင်မှာ ကျွန်တော် ဦးသာအောင်အပါအဝင် လယ်သမားရှစ်ဦးရဲ့ လယ်ယာမြေတွေကို တပ်မတော်က နေပြီးတော့ ၁၉၉၂ ခုနှစ်မှာ ဗိုလ်ကြီးကျော်ဇေယျကခေါ်ပြီးတော့ ဒီမြေတွေသိမ်း လိုက် ပြီဆိုပြီးတော့ လယ်မြေတွေအသိမ်းခံခဲ့ရပါတယ်။ အဲဒီအသိမ်းခံခဲ့ရပြီးတော့ ဒီတောင်သူလယ်သမား တွေကိုပဲ တစ်ဧကကို ငါးတင်းနှုန်းနဲ့ တင်း ၁၀၀ ပေးပြီးတော့ စိုက်ပျိုးခဲ့ရပါတယ်။ နောက် ၁၉၉၄ ခုနှစ်ကျတဲ့အခါမှာ ဗိုလ်ကြီးသန်းဝင်းက လုပ်ပိုင်ခွင့်မပေးတော့ဘူး မင်းတို့ဒါတွေမလုပ်ကြနဲ့ဆိုပြီးတော့ တခြားသူကို တစ်ခါသီးစားချလိုက်ပါတယ်။ အဲဒီနောက် လယ်သမားမဟုတ်တဲ့ ဦးခင်ဒွေး၊ ဦးဘဂျမ်းတို့ကို ရှစ်နှစ်သီးစားချလိုက်တယ်။ နောက် ဦးတင်ငွေနဲ့ ဦးနေဝင်းတို့ကို ငါးနှစ် သီးစားတွေချတယ်။ ကိုယ့်လယ်မြေမှာကိုယ် သီးစားပေးပြီးတော့ လုပ်တာတောင်မှ မလုပ်ရဘဲနဲ့ အခြားလူတွေကို သီးစားချထားတာကို တွေ့ရပါတယ်။ အဲဒီပုဂ္ဂိုလ်တွေက အရှုံးပေါ်တဲ့အခါကျတော့ အဲဒီတပ်ရင်းကနေပြီးတော့ ပြန်လည်ကမ်းလှမ်းလာတယ်။ အဲဒီတော့ တစ်ဧကကို ရှစ်တင်းနှုန်းပေးပါဆိုပြီးတော့ တင်း ၁၆၀ ပေးပြီးတော့ ကျွန်တော်တို့ မူလတောင်သူတွေဟာ နှစ်နှစ်ပြန်လုပ်ရပါတယ်။ ၂၀၀၉ ခုနှစ်ရောက်တဲ့အခါကျတော့ ဗိုလ်ကြီးအောင်မျိုးဝင်းကနေပြီးတော့ ကိုးတင်းနှုန်းတောင်းလာတယ်။ တင်း ၁၈၀ ပေးပြီးတော့ မူလပိုင်ရှင်တွေပြန်လုပ်ရပါတယ်။ ၂၀၁၀ ခုနှစ် တွေကတော့ ဗိုလ်ကြီးရဲမြတ်ကျော်က ၁၀ တင်းနှုန်းတောင်းပြီးတော့ တင်း ၂၀၀ ပေးပြီးတော့ လုပ်ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလယ်ယာမြေနဲ့ပတ်သက်လို့ သိမ်းဆည်းခံရတဲ့ဟာတွေကို တိုင်တဲ့အခါမှာ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့က လယ်ယာမြေစုံစမ်းရေးကော်မရှင်ကို တိုင်ပါတယ်။ တိုင်ပြီးတော့ အခုကျွန်တော် မေးခွန်းကို လွှတ်တော်မှာတင်သွင်းမေးမြန်းတဲ့အချိန်အထိ ပြန်လည်မရသေးတဲ့အတွက် ကျွန်တော်တို့ ရဲ့ မဲဆန္ဒရှင်

ပြည်သူတွေကနေပြီးတော့ ဒါကိုပြန်လည်ပြီးတော့ မေးခွန်းမေးပေးပါလို့ တောင်းဆိုတဲ့အတွက် ကျွန်တော် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ဒီလယ်မြေတွေဟာ တပ်မတော်ရဲ့ လုံခြုံရေးနယ်မြေတွေလည်းမဟုတ်ပါဘူး။ အင်မတန်လည်း ဝေးလံပါတယ်။ နောက်သီးစားချထားတဲ့ မြေလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားတွေကနေပြီးတော့ ဦးသာအောင် အပါအဝင် တောင်သူလယ်သမား ရှစ်ဦးကနေပြီးတော့ ဒီလယ်မြေတွေကို ပြန်လည်စွန့်လွှတ်ပေးပါရန်ဆိုပြီးတော့ မေးခွန်းမေးလိုက်တဲ့အတွက် ကျွန်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

မြန်အောင်မြို့နယ်တွင် တပ်မတော်ခလရ(၅၁)မှ သိမ်းယူထားသော မြန်အောင်မြို့အဝင် လမ်းဘေးရှိလယ်ဧက ၂၀ နှင့် ထန်းပင် ၁၃၀ ကို မူလပိုင်ရှင်တောင်သူ လယ်သမားများထံ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ဒုတိယဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်အောင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ရဲ့မေးခွန်းကို ကျွန်တော် အကျဉ်းချုံးဖြေကြားရမယ်ဆိုရင် ဒီနေရာဟာ ၁၉၈၀ ခုနှစ် ပြည်သူ့ကောင်စီကနေပြီးတော့ စိုက်ပျိုး/မွေးမြူရေး သင်တန်းကျောင်းဖွင့်လှစ်ရန် သိမ်းယူထားတဲ့မြေ ၁၉.၂၇ ဧက ဖြစ်ပြီးတော့ ၁၉၈၈ နောက်ပိုင်းမှာ သင်တန်းများဖွင့်လှစ်မှုမရှိတဲ့အတွက် ကျွန်တော်တို့ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ထံမှ အမှတ်(၅၁) ခြေလျင်တပ်ရင်းက လွှဲပြောင်းရယူထားတဲ့မြေ ဖြစ်ပါတယ်။ လယ်မြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ရပြီးမြေ ငါးကန် ၄.၄၈ ဧကနှင့် လယ်မြေ ၁၄.၇၉ ဧက ပါဝင်ကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့ ဟင်္သာတခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စစ်ဆေးတွေ့ရှိချက်၊ သဘောထားအကြံပြုချက်များအရ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှာပြုလုပ်ခဲ့တဲ့ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး(၁/၂၀၁၅) မှာ အမှတ်(၅၁)ခြေလျင်တပ်ရင်းပိုင်မြေအဖြစ် မိုးစပါးစိုက်ပျိုးခဲ့တဲ့မြေ ၁၄.၇၉ ဧကကို စိုက်ပျိုး/မွေးမြူရေးသင်တန်းကျောင်းမြေအဖြစ် သိမ်းဆည်းခြင်းမပြုခင်က လုပ်ကိုင်ခွင့်ရရှိသူ ဦးသာအောင်(ပါ) ရှစ်ဦးအား မူလပိုင်ဆိုင်မှုအရ

သို့မဟုတ် ညှိနှိုင်းမှုဖြင့် ခွဲဝေချထားပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်ဆိုတဲ့ ဆုံးဖြတ်ချက်ပါရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ အနောက်တောင်တိုင်းစစ်ဌာနချုပ်က ကျွန်တော်တို့ကို အကြောင်းကြားလာပါတယ်။ ဒီ့အတွက် မြေမှာ တပ်မှတိုက်ရိုက်သိမ်းယူထားသော မြေမဟုတ်ခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ငါးကန်မြေ ၄.၄၈ ဧကကို ချန်လှပ်ပြီး ကျန်မြေ ၁၄.၇၉ ဧကအား ပြန်လည်စွန့်လွှတ်ပေးစေလိုခြင်းတို့ကြောင့် ၁၄.၇၉ ဧကအား ပြန်လည်စွန့်လွှတ်ပေးသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းပါတဲ့ ထန်းပင် ၁၃၀ ပင်နှင့်စပ်လျဉ်း၍ လယ်မြေ ၁၄.၇၉ ဧကပေါ်မှာရှိတဲ့ ထန်းပင် ၈၉ ပင်နှင့် ငါးကန်မြေ ၄.၄၈ ဧကရှိ ဘောင်ပေါ်တွင် ထန်းပင် ၂၈ ပင်ရှိပြီး စုစုပေါင်း ထန်းပင် ၁၁၇ ပင်ရှိသဖြင့် တပ်မှရင်းနှီးငွေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိတဲ့ ငါးကန်မြေ ၄.၄၈ ဧကအား စွန့်လွှတ်ပေးခြင်းမပြုဘဲ ကျန်လယ်မြေ ၁၄.၇၉ ဧကနှင့် ထန်းပင် ၈၉ ပင်တို့အား နယ်မြေစည်းရုံးရေးအရ ပြန်လည်စွန့်လွှတ်ပေးသွားမှာဖြစ်ပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ဖြစ်သော ၁၁-၅-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်း

**မူကြမ်း**

ကော်မတီနဲ့ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ခြင်းမပြုသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ရုပ်မြင်သံကြားနှင့်အသံ ထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၃၈)ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် (၃၈)ချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံခဲ့ပါတယ်။ သဘောတူတဲ့ဥပဒေကြမ်းများနှင့် တင်ပြရလျှင် ဥပဒေကြမ်းရဲ့နိဒါန်း၊ အခန်း(၁)ခေါင်းစဉ်၊ အပိုဒ် ၁ စာချိုး၊ အပိုဒ် ၁ အပိုဒ်ခွဲ(ခ) နှင့်(ဂ)ပယ်ဖျက်ခြင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(ထ)ပယ်ဖျက်ခြင်း၊ အပိုဒ် ၅၊ အခန်း(၄)ခေါင်းစဉ်၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)ပယ်ဖျက်ခြင်း၊ အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ(စ)ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၂၀၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(ဃ) ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(ဂ)၊ မူလအပိုဒ် ၄၇ ပယ်ဖျက်ခြင်း၊ အပိုဒ် ၄၉၊ အပိုဒ် ၅၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၄၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အပိုဒ် ၆၈၊ အပိုဒ် ၇၇၊ အပိုဒ် ၇၇ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ် ၈၃၊ အပိုဒ် ၈၄ အပိုဒ်ခွဲ(က)၊ အခန်း(၁၀) ခေါင်းစဉ်၊ အပိုဒ် ၉၇၊ အပိုဒ် ၉၉၊ အပိုဒ် ၁၀၄ တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူသည့်အချက် (၃၈)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီကသဘောတူထားတဲ့ (၃၈)

**မူကြမ်း**

ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောတူမတူတဲ့သူ ရှိပါလားခင်ဗျား။ သဘောတူမတူသူ မရှိတဲ့အတွက် ရုပ်မြင်သံကြားနှင့်အသံ ထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၃၈)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့(၆၆)ချက်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရုပ်မြင်သံကြားနှင့်အသံ ထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်သည့်အချက်(၆၆)ချက်အား အဆိုပြုတင်ပြသွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ ဥပဒေခေါင်းစီး၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဒ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)အသစ်ဖြည့်စွက်ခြင်း၊ အပိုဒ် ၇ ပယ်ဖျက်ခြင်း၊ အပိုဒ် ၉ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ် ၁၇ စာချိုး၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) အသစ်ဖြည့်စွက်ခြင်း၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲငယ်(၈)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀၊ အပိုဒ် ၄၄၊ အပိုဒ် ၄၈၊ အပိုဒ် ၅၀၊ အပိုဒ် ၅၂၊ အပိုဒ် ၅၄ စာချိုး၊ အပိုဒ် ၅၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၆၊ အပိုဒ် ၅၈၊ အပိုဒ် ၆၂ အပိုဒ်ခွဲ(ခ) အသစ်ဖြည့်စွက်ခြင်း၊ အပိုဒ် ၇၃၊ အပိုဒ် ၇၄၊ အပိုဒ် ၇၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၇၉၊ အပိုဒ် ၈၁၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂၊ အပိုဒ် ၉၃၊ အပိုဒ် ၉၄၊ အပိုဒ် ၉၆၊ အပိုဒ် ၉၈၊

အပိုဒ် ၁၀၁ ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၀၂၊ အပိုဒ် ၁၀၅၊ အပိုဒ် ၁၀၆ ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၀၇ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ(ခ)တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၆၆ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် (၆၆)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၆၆) ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းထားသော အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက ပြင်ဆင်ချက်(၄၄)ချက်ကို ဆွေးနွေးမှာဖြစ်ပါတယ်။ ယခုစတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက ပြင်ဆင်ထားတဲ့ (၄၄)ချက်ကို တင်သွင်းဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အဖွဲ့ဝင်၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာခင်ဗျား။ ကျွန်တော့်အနေနဲ့ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ကျွန်တော်တို့ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ မူလပြင်ဆင်ချက် အချက်

ပေါင်း (၉၂) ချက်ကို တင်သွင်းခဲ့တာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ညှိနှိုင်းချက်အရ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအနေဖြင့် ပြင်ဆင်ချက် (၄၄) ချက်ပြင်ဆင်မှုကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ထိုပြင်ဆင်ချက်များအနေနဲ့ ကော်မတီအနေနဲ့ ပြင်ဆင်ရန်တင်ပြချက် (၄၄) ချက်ကို လွှတ်တော်သို့တင်ပြသွားပါမယ်ခင်ဗျား။

အမှတ်စဉ်(၆) အပိုဒ်၂ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် (၉) အပိုဒ်၂ အပိုဒ်ခွဲ(ဇ)၊ အမှတ်စဉ် (၁၂) အပိုဒ်၂ အပိုဒ်ခွဲ(ဎ)၊ အမှတ်စဉ် (၁၅၊ ၁၆) အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အမှတ်စဉ် (၂၂) အပိုဒ် ၆ အပိုဒ်ခွဲ(င)၊ အမှတ်စဉ်(၂၅၊ ၂၈၊ ၃၀) အပိုဒ် ၆ အပိုဒ်ခွဲ(ဈ) ပယ်ဖျက်ခြင်းနဲ့ အပိုဒ် ၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဃ) အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။ အမှတ်စဉ် (၃၉၊၄၁) အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(င) ဖြစ်ပါတယ်။ အမှတ်စဉ် (၄၄) အပိုဒ် ၁၇ အပိုဒ်ခွဲ(င)၊ အမှတ်စဉ်(၄၈) အပိုဒ် ၁၉ အပိုဒ်ခွဲ(က)၊ အမှတ်စဉ်(၆၁၊ ၆၄) အပိုဒ်၂၅၊ အပိုဒ် ၃၀ ဖြစ်ပါတယ်။ အမှတ်စဉ်(၆၆၊ ၆၇၊ ၆၈၊ ၇၀) တို့ဖြစ်ပါတယ်။ အပိုဒ် ၃၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁) ဖြစ်ပါတယ်။ အမှတ်စဉ်(၇၁) အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၂) ဖြစ်ပါတယ်။ အမှတ်စဉ်(၇၆) အပိုဒ် ၃၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၇) ဖြစ်ပါတယ်။ အမှတ်စဉ် (၈၂၊ ၈၃) အပိုဒ် ၄၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ(ခ) ဖြစ်ပါတယ်။ အမှတ်စဉ် (၈၄၊ ၈၅၊ ၈၆) အပိုဒ် ၄၁ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် (၃)၊ အပိုဒ် ၄၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲ(ဂ) ဖြစ်ပါတယ်။ အမှတ်စဉ်(၈၉၊ ၉၀) အပိုဒ် ၄၅၊ အပိုဒ် ၄၆ ကို ပြင်ဆင်ပါတယ်။ အမှတ်စဉ်(၉၂) အပိုဒ် ၄၈ ပြင်ဆင်ပါတယ်။ အမှတ်စဉ်(၉၇) အပိုဒ် ၅၂ ဖြစ်ပါတယ်။ အမှတ်စဉ်(၉၈) အပိုဒ် ၅၃ ပြင်ဆင်ပါတယ်။ အမှတ်စဉ်(၁၀၅) အပိုဒ် ၅၈ အပိုဒ်ခွဲ(ခ) ပြင်ဆင်ပါတယ်။ အမှတ်စဉ်(၁၁၁) အပိုဒ် ၆၆ ပြင်ဆင်ပါတယ်။ အမှတ်စဉ်(၁၁၃) အပိုဒ် ၆၉ အပိုဒ်ခွဲ(ခ) ဖြစ်ပါတယ်။ အမှတ်စဉ်(၁၂၄၊ ၁၂၆၊ ၁၂၇) အပိုဒ် ၈၆ ပယ်ဖျက်ခြင်း၊ အပိုဒ် ၈၈၊ အပိုဒ် ၈၉ ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အမှတ်စဉ်(၁၂၈၊ ၁၂၉၊ ၁၃၀) အား အပိုဒ် ၈၉ အပိုဒ်ခွဲ(က) ပယ်ဖျက်ခြင်း၊ အပိုဒ် ၈၈ အပိုဒ်ခွဲ(က)မှ (ဆ)အထိ အသစ်ဖြည့်စွက်ခြင်း အပိုဒ် ၉၀ အပိုဒ်ခွဲ(က) ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အမှတ်စဉ်(၁၃၁) အပိုဒ် ၉၀ အပိုဒ်ခွဲ(ခ) ပြင်ဆင်ခြင်းပါတယ်။ အမှတ်စဉ်(၁၄၀) အပိုဒ် ၁၀၀ ပြင်ဆင်ပါတယ်။ အမှတ်စဉ်(၁၄၃) အပိုဒ် ၁၀၃ တို့ ဖြစ်ပြီး စုစုပေါင်းပြင်ဆင်ချက် (၄၄) ချက် ဖြစ်ပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အထက်ဖော်ပြပါ ပြင်ဆင်ရန် တင်ပြချက် (၄၄) ချက်ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးရဲထွဋ်(ပြည်ထောင်စုဝန်ကြီး၊ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ညှိနှိုင်းထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ အားလုံးသဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုလည်း ပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ သဘောတူပါတယ်ခင်ဗျား။ ပိုပြီးတော့ရှင်းလင်းရန် ကျွန်တော့်အနေနဲ့ ဖြည့်စွက်ပြီးတော့ တင်ပြလိုပါတယ်။ နောက်တစ်ခု ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက စုစုပေါင်း ပြင်ဆင်ချက် (၉၂)ချက်ကို ကျွန်တော်တို့တင်သွင်းလာပါတယ်။ ဒီအချက်များကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနဲ့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ ပြန်ကြားရေးဝန်ကြီးဌာနဘက်ကအချက် (၈၂) ချက်ကို သဘောတူခဲ့ပါတယ်။ အချက် (၁၀) ချက်ကတော့ ဒီဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအရ ဘတ်ဂျက်ရေးဆွဲတဲ့အထဲမှာပါဝင်မယ့်အချက် (၃) ချက်၊ နောက် Cross Ownership လို့ခေါ်တဲ့ ပူးတွဲပိုင်ဆိုင်မှု (၂)ချက်နဲ့ လိုင်းနှုစည်ခွဲဝေမှုပါဝင်တဲ့ အဖွဲ့ရဲ့လုပ်ငန်းစဉ် (၅) ချက်ကိုတော့ ဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်ထဲမှာပဲ ထည့်သင့်တယ်လို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီနေ့ တင်ပြလာတဲ့ ဒီ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ ပြင်ဆင်ချက်များအားလုံးကို ဥပဒေကြမ်းကော်မတီကလည်း ညှိနှိုင်းပြီးဖြစ်လို့အားလုံးကို သဘောတူကြောင်း လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနကလည်း သဘောတူလက်ခံပြီး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကလည်း သဘောတူလက်ခံပြီးဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် (၄၄) ချက်အား အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၄၄)ချက်သည် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာအပ်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါးတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ရုပ်မြင်သံကြားနှင့် အသံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၆၄)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၆၃)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၅ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးအောင်မြင်စွာပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၃) ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**